# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
# Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

နေ့စွဲ – ၄. ၇. ၁၀

## ဥပဒေသမှအသက်ရှင်ခြင်း
(Living from Principle, Rev. Herman Hoeksema)

**အကျိုးအမြတ်ရှိလို့လား? (Does it pay?)**

ထိုမေးခွန်းသည် အလွန်ရင်းနှီးနေသောမေးခွန်းတခုဖြစ်ပါသည်။ ဆုံးဖြတ်ချက်တခုခု ချခါနီးတိုင်း မေးလေ့ရှိကြပါသည်။ ထိုမေးခွန်း၏အဖြေသည် ဆုံးဖြတ်ချက်ချခြင်းကို အဆုံးအဖြတ်ပေးတတ်ပါသည်။ အကျိုးအမြတ်ရှိသည်၊ ဒေါ်လာနှင့်ဖြစ်ဖြစ်၊ ဤလောကနှင့်ဆိုင်သောပစ္စည်း(သို့)အကြောင်းအရာနှင့်ဖြစ်ဖြစ် အကျိုးရှိသည်ဆိုလျှင်၊ ကျွန်တော်တို့သည် ထိုအရာအတွက် ကိုယ်ရောစိတ်ပါ မြှုတ်နှံ၍လုပ်ဆောင်လေ့ရှိကြပါသည်။ အကျိုးအမြတ်မရှိဟုဆိုခဲ့လျှင်တော့ စိတ်မဝင်စားတတ်ကြပါ။ ထိုမေးခွန်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ကျွန်တော်တို့သည်၊ ဘဝ၏ပုံသဏ္ဍာန်မျိုးစုံတွင် မေးတတ်ကြပါသည်၊ တယောက်ချင်းဖြစ်စေ၊ လူမှုအဖွဲ့အစည်းအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ ထိုမေးခွန်းမေးသံကို အမြဲကြားရပါသည်။ ထိုမေးခွန်းက ဆုံးဖြတ်ဖို့ရာပြောနေသည်မှာ၊ မှန်း၏မှား၏ ဆိုသည့်အကြောင်းမဟုတ်ပါ၊ ဘုရားသခင့်အလိုတော်နှင့်ကိုက်သည်၊ နှုတ်ကပတ်တော်နှင့် ကိုက်သည် မကိုက်သည်ကိုလည်း ပြောနေခြင်းမဟုတ်ပါ၊ ၎င်းမေးခွန်းကပြောနေသည်မှာ အသွေးအသားနှင့်ဆိုင်၍ အကျိုးအမြတ် ရသည်မရသည်ကိုသာ ပြောနေခြင်းဖြစ်ပါသည်။ တဖြေးဖြေးနှင့်၊ အကြောင်းအရာတခုခုက အကျိုးအမြတ်ကိုပေးသည်ဆိုလျှင်၊ ဥပဒေသအရ မှားနေလျှင်လည်း၊ ၎င်းသည်မှန်သည်ဟု ယူဆလာတတ်ပါသည်။

ဘဝကိုထိုသို့မြင်ခြင်း၊ ဤကမ္ဘာတွင် ထိုသို့အသက်ရှင်လျှောက်လှမ်းခြင်းသည် အခြေခံမှပင် မှားနေပါသည်၊ အဘယ်ကြောင့်ဆိုသော် အသွေးအသားဇာတိဆန်သောကြောင့်ဖြစ်သည်။

စစ်မှန်စွာပြောရလျှင်၊ အမှန်တရားနှင့်ဖြောင့်မတ်ခြင်းတို့သည် အမှန်ပင် အကျိုးအမြတ်ရစေပါသည်။ ဘုရားသခင်၏ဥပဒေသများကို စောင့်ထိန်းလိုက်နာခြင်းက ကြီးမားလှသောဆုလဒ်ကိုရစေပါသည်။ သို့သော် "အကျိုးအမြတ်ရှိလို့လား?"ဆိုသည့်မေးခွန်းကို မေးကြသူများတွင်၊ ထိုမေးခွန်း၏အဖြေဖြင့် ဘဝကိုတည်ဆောက်ကြသူများတွင် ဘုရားသခင့်အမြင်သည် ရှိမနေပါ။ သူတို့၏အမြင်သည် အသွေးအသားဇာတိအမြင်သာ ဖြစ်ပါသည်။ ဘုရားသခင် အလိုတော်ရှိမရှိကို ဂရုမစိုက်ဘဲ၊ ဤလောကအရာများကို လိုချင်နေသူသာဖြစ်ပါသည်။ ဤလောကအရာများအတွက်သာ အသက်ရှင်သူများဖြစ်ကြပါသည်။

ထိုမေးခွန်းနှင့်ဆင်တူသော လက်ငင်းအကျိုးရလဒ်ကိုသာအဓိကထားသော(pragmatic) နောက်မေးခွန်းမှာ၊– အလုပ်ဖြစ်လို့လား? (Does it work?)ဆိုသည့်မေးခွန်းဖြစ်သည်။

တစုံတရာကိုပြုမူဖို့ရာ အခြေခံအကြောင်းတရားအဖြစ် ထိုမေးခွန်းကို မေးတတ်ကြပါသည်။ မိမိပြုမူရမည့် တစုံတခုသောအရာ၊ လုပ်ငန်းစဉ်သည် မှန်သလားမှားသလားဆိုသည်ကို ထိုမေးခွန်းဖြင့် ဆုံးဖြတ်တတ်ကြပါသည်။ ထိုမေးခွန်းမေးသူများအတွက် ဘုရားသခင့်အလိုတော်အရ ထိုအပြုအမူသည် ကိုက်ညီပါသလား?၊ (သို့) ဘုရားသခင့်အလိုတော်ကို ဆန့်ကျင်နေပါသလားဆိုသည့်အချက်သည် အတော်ပင်အရေးမကြီးသော ကိစ္စဖြစ်ပါသည်။ ရှိခဲ့သည်ဆိုလျှင်လည်း၊ သူတို့သည် အဲဒီဘုရားကြိုက်မကြိုက်ကို ခဏဖယ်ထားရအောင်၊ ဘာဘဲဖြစ်

ဖြစ် လုပ်စရာရှိတာကို အရင်လုပ်လိုက်ကြမယ်၊ ပြီးမှ မှန်သလားမှားသလားကြည့်တာပေါ့ဟု ကြွေးကြော်ကာ လုပ်ကြလေ့ရှိပါသည်။ အလုပ်ဖြစ်လျှင်၊ ငါတို့သည် အခွင့်အရေးကိုရပြီ၊ မအောင်မြင်လျှင်တော့၊ သိပ်မနစ်နာပါ၊ နောက်တလမ်းကြံကြတာပေါ့ ဆိုသည့်ပုံစံမျိုးဖြစ်ပါသည်။

ထိုသို့ပြောခြင်းသည် အသုံးဝင်ခြင်းအဓိကအမြင်ဖြစ်ပါသည်။ (utility attitude)

ထိုမေးခွန်းဖြင့် ဘဝကိုမြင်သောသူတို့အတွက် ဥပဒေသများမှအသက်ရှင်ခြင်းကို၊ မိမိတို့ကိုယ်ပိုင်အစီအစဉ်ဖြစ်သည့် "အလုပ်ဖြစ်ရင်ပြီးရော"ဆိုသည်အတွက်၊ စွန့်လွှတ်ရန် အဆင်သင့် ဖြစ်နေကြပါသည်။

ထိုသို့ ပြုမူသောသူတို့သည် "အကျိုးအမြတ်ရှိလို့လား?"ဟု ပြောဆိုသူတို့နှင့် အတူတူပင်ဖြစ်၍၊ အသွေးအသားဇာတိကိုသာ အဓိကထားကြသူများဖြစ်ကြပါသည်။

ဘုရားသခင့်နှုတ်ကပတ်တော်နှင့်ဥပဒေသများမှနေ၍ လွဲမှားစွာအသက်ရှင်ခြင်းသည် မည်သည့်အခါတွင်မျှ၊ အလုပ်ဖြစ်မည် မဟုတ်ပါ။ ထိုသို့ထင်သူသည် ပျက်သုန်းခြင်းလမ်းကြောင်းပေါ် လျှောက်လှမ်းနေသူသာ ဖြစ်ပါသည်။

သို့သော် ထိုမေးခွန်းများကိုမေးတတ်သူ၏ စိတ်နှင့်နှလုံးသားတွင်၊ ဇာတိလူသား၏အဆုံးသတ်နိဂုံးသည် ရှိမနေတတ်ပါ။ သူသည် အသွေးအသားဤလောက၏အရာများကို ရှာနေသူဖြစ်သည်။ သူ့မေးခွန်းတွင် သူမေးနေသည်မှာ သူလုပ်နေသောအရာသည် ဤလောကကြီး၏လမ်းကြောင်းအရ အလုပ်ဖြစ်မဖြစ်ကိုသာဖြစ်ပါသည်။ အသွေးအသားဇာတိနှင့်ဆိုင်မဆိုင်၊ အပြစ်များပါသောလမ်းဟုတ်မဟုတ်ကို ဂရုစိုက်နေသူမဟုတ်ပါ။

သို့သော် ထိုသို့သော် မေးခွန်းများကို မေးလျက် အသက်ရှင်ကြသော ကမ္ဘာလောကကြီးထဲတွင် ကြိမ်ဖန်များစွာ ခရစ်ယာန်သည်လည်း အညာခံရကာ လိုက်သွားတတ်ပါသည်။

မကြာသေးခင်ကဖြစ်ပျက်ခဲ့သော၊ အစိုးရ(အမေရိကန်)၏ အရက်ချက်ခြင်းကို တားမြစ်သောဥပဒေသည်လည်း ထိုမေးခွန်း၊ အလုပ်ဖြစ်လို့လား?၊ ကိုအခြေခံ၍ပြုလုပ်ခြင်းဖြစ်သည်(၁၉၆၀ ဝန်းကျင်ကဖြစ်သည်)။ တစုံတယောက်ကထိုသို့သောလုပ်ရှားမှုကို ဥပဒေသရှုထောင့်မှနေ၍ ငြင်းပယ်နိုင်ပါသည်၊ အစိုးရ၏အလုပ်သည် ကျွန်တော်တို့ ဘာစားရမည်၊ ဘာသောက်ရမည်ကို ပြောပိုင်ခွင့်မရှိ၊ အပြစ်ဆိုသည်မှာ ဘာစားသည်ဘာသောက်သည် ပေါ်တွင်မတည်၊ နှလုံးသားတွင်သာတည်ပါသည်ဟု ငြင်းနိုင်ပါသည်။ ထိုအခါ၊ ပေးမည်အဖြေသည် အမြဲတမ်း၊ "အဲဒီလိုလုပ်တာ တကယ်အကျိုးရှိလို့ပါ၊ တကယ့်ကိုအလုပ်ဖြစ်တယ်၊" ဟူ၍သာဖြစ်ပါသည်။ "ဒီလိုလုပ်ရင် လူမှု ဘဝ ပိုအခြေအနေကောင်းလာမှာ၊ စီးပွားရေးအခြေအနေကောင်းလာမှာ၊ ဒါ့ကြောင့်လုပ်တာ။" "ဘာဘဲဖြစ်ဖြစ် ပေါ့၊ စမ်းကြည့်ထိုက်ပါတယ်"ဟု ပြန်ဖြေကြပါမည်။ အလုပ်ဖြစ်မဖြစ်ကြည့်ကြတာပေါ့။ ထို့အတူပင် ကျွန်တော်တို့ တိုင်းပြည်(အမေရိကန်)၏ လင်မယားကွဲခြင်းဥပဒေကိုကြည့်လျှင်လည်း၊ ဘုရားသခင်၏အလိုတော်ဖွင့်ပြချက်နှင့် ရှင်းလင်းစွာ လွဲမှားနေသည်ကိုတွေ့ရပါမည်။ လင်မယားဖြစ်ခြင်းသည် မည်သည့်အခါတွင်မှ မပြိုကွဲနိုင်ပါ။ လင်မ ယားဖြစ်ခြင်းဆိုသည်မှာ ယောက်ျားတဦးနှင့်မိန်းမတဦး ဘဝတလျှောက်လုံးအတွက် ပေါင်းသင်းကြခြင်းဖြစ်ပါ သည်။ ဘုရားသခင်၏ဥပဒေသအရ ဖေါက်ပြန်ခြင်းသာလျှင် လင်မယားကွဲနိုင်ရခြင်း၏ တခုတည်းသော အ ကြောင်းအရင်း ဖြစ်ပါသည်။ သို့သော် ထိုဥပဒေသသည် အလုပ်မဖြစ်ပါဟု ပြောလာကြသည်။ ပိုကောင်းမွန်လာ ဖို့အတွက် ထိုဥပဒေသကို ချိုးဖြတ်ပစ်ရန် လိုအပ်သည့်အကြောင်းအရာများ ဒုနှင့်ဒေးရှိနေပါသည်၊ "သဘောတူ ညီမှု ဘယ်လိုမှမရနိုင်ကြသောလင်မယားတို့အတွက်"၊ "မပျော်နိုင်ကြသောလက်ထပ်ခြင်းများအတွက်" ထိန်းမြားခြင်းသည် အလွန်လေးလံလာပါလျှင်၊ ကွဲခွင့်ပေးခြင်းက ပိုကောင်းပါသည်ဟု ဆိုလာကြပါသည်။ ထိုသို့ပြုခြင်း၏ ရလဒ်မှာ လင်းမယားကွဲဖို့အတွက် တွေး၍ရနိုင်သမျှသောအကြောင်းများသည် ဆင်ခြေဖြစ်လာပါတော့သည်။

ထို့အပြင် ထိုသို့ပြုခြင်းသည် အလုပ်လည်းဖြစ်ပါသည်၊ ကျွန်တော်တို့လူမှုဘဝ၏ အခြေခံအကျဆုံး အဆောက်အဦကို အသေအချာ ဖျက်ဆီးပစ်ကြခြင်းဖြစ်ပါသည်။

ထို့အတူပင် အခြားသော ဥပဒေသများလည်းဖြစ်ကြပါသည်၊ ကျွန်တော်တို့က စိတ်ကူးယဉ်နေသော ဥပဒေသများ မဟုတ်ပါ၊ တကယ့်ဥပဒေသအစစ်များကို ဆိုလိုပါသည်။ လူတို့ကဆုံးဖြတ်သော၊ လူမှုရေး၊ လူမျိုးရေး အဖွဲ့အစည်းများက ဆုံးဖြတ်သော ဥပဒေသများမဟုတ်ပါ၊ အစိုးရတို့က၊ ကာလဒေသအပေါ် အခြေတည်၍ ချမှတ်သော ဥပဒေသများကို ပြောနေသည်မဟုတ်ပါ။ လူသိများသောလှုပ်ရှားမှုများဖြစ်ကြသည့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုများ၊ သန္ဓေသားထိန်းချုပ်ရေးလှုပ်ရှားမှုများ စသည်တို့က ချမှတ်သော ဥပဒေသများကို ပြောနေသည်မဟုတ်ပါ။ ထာဝရဖြစ်သော၊ ဖေါက်ဖျက်၍မရအောင်မှန်ကန်သော၊ ဘုရားသခင်ကိုယ်တော်တိုင်က ချမှတ်ထားသော ဥပဒေသများကို ပြောနေခြင်းဖြစ်ပါသည်။

ကမ္ဘာထဲရှိလူများနေထိုင်ပုံနှင့်ဆန့်ကျင်၍၊ ခရစ်ယာန်၏တခုတည်းသောမှန်ကန်သည့်ရပ်တည်ချက် ဆိုသည်မှာ ဤသို့ဖြစ်သည်၊– ဥပဒေသကိုကိုင်စွဲသည်၊ ဘယ်တော့မှ ဥပဒေသကို မစွန့်လွှတ်မစွန့်ခွာပါ၊ အကျိုးအမြတ်ရှိလို့လား?၊ အလုပ်ဖြစ်လို့လား? ဆိုသည့်မေးခွန်းများကို ဘယ်တော့မှဂရုမစိုက်ပါ၊ ထိုမှဆန့်ကျင်စွာ ထိုဥပဒေသများသည် တကယ့်ကိုအလုပ်ဖြစ်မည်၊ တကယ့်ကိုအကျိုးအမြတ်ရှိမည်ဟု စိတ်ချယုံကြည်လျှက် နေထိုင်အသက်ရှင်ခြင်းဖြစ်သည်။

ထိုဘုရားသခင်ချမှတ်သောဥပဒေသများသည် ဘယ်တော့မှမပြောင်းလဲပါ။

ဒဏ်အပေးခံရခြင်းမရှိဘဲ ထိုဥပဒေသများကို မည်သူကမျှ ဖေါက်ဖျက်၍၊ စွန့်ပစ်၍ မရပါ။

ထို့အပြင် ထိုဥပဒေသများသည် အခြေခံအကျဆုံးအရာများဖြစ်ကြပါသည်။

“ဥပဒေသ”ဆိုသည့်စကားလုံး၏ အဓိကဆိုလိုချက်သည် “အစပျိုးခြင်း”ဖြစ်ပါသည်။ အချိန်နှင့်ကာလရှုထောင့်သက်သက်၏ အစပျိုးကိုပြောနေသည်မဟုတ်ပါ။ ကမ္ဘာဦးအစကိုပြောနေခြင်းလဲမဟုတ်ပါ၊ စာအုပ်တအုပ် ၏ ပထမဆုံးအစစကားလုံးကဲ့သို့ဖြစ်ခြင်းကိုလည်း ပြောနေသည်မဟုတ်ပါ။ အကြောင်းတရားရှုထောင့်(causal sense)မှ ပြောနေခြင်းဖြစ်ပါသည်။ သစ်စေ့ကလေးတစေ့သည် သစ်ပင်ကြီးတပင်ဖြစ်လာဖို့အကြောင်းတရားဖြစ် သည့်ပုံစံမျိုးကို ပြောနေခြင်းဖြစ်သည်။ တနည်းထပ်ပြောရလျှင်၊ စပါးရိတ်သိမ်းချိန်အတွက် အစပျိုးသည် ပျိုးကြဲရ ခြင်းဖြစ်သလိုမျိုးဖြစ်သည်။ ရေများခဲနေသောတောင်ထွဋ်များသည် မြစ်တို့၏အစ ဖြစ်သလိုမျိုးကိုပြောနေပါ သည်။ ထိုသို့ပင် ဥပဒေသများသည် “အစပျိုးခြင်းများ”ဖြစ်ကြပါသည်။

ထို့ကြောင့် အမှန်တရား၏ဥပဒေသများသည် ရှိနေကြပါသည်။ ထာဝရအမှန်တရားများ၊ အခြေခံကျသောအမှန်တရားများ၊ ၎င်းတို့ထံမှထွက်လာကြသည့် မရှိမဖြစ်အမှန်တရားစနစ်ကြီးများ ရှိကြပါသည်။ ၎င်းတို့၏ အသေးငယ်ဆုံးအစိတ်အပိုင်းကိုပင် ဖေါက်ဖျက်ပါက အမှန်တရားစနစ်ကြီးတခုလုံးကို ရွှဲ့စောင်းသွားစေမည်ဖြစ်သည်။ ထိုရှုထောင့်မှနေ၍ ကျွန်တော်တို့သည် ရီဖေါ့(မ်)ဥပဒေသများကို ပြောနေကြခြင်းဖြစ်သည်။ ထိုဥပဒေသများပေါ်တွင် ကျွန်တော်တို့၏ ရီဖေါ့(မ်)ခံယူယုံကြည်ချက်ကို တည်ဆောက်ကြပါသည်၊ ထိုဥပဒေသများတွင် တည်မှီနေကြပါသည်။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်တော်မူ၍၊ အစိုးရတော်မူသူဖြစ်ပါသည်၊ သူသည် အရာခပ်သိမ်းကို မိမိ၏အနန္တတန်ခိုးတော်အလိုဆန္ဒ၏လုပ်ကိုင်မှုဖြင့်၊ မိမိ၏နာမအတွက်ကြောင့် ဖန်ဆင်းတော်မူသည်။ ဇာတိသဘာဝလူသားသည် လုံးလုံးလျားလျားပျက်ဆီးနေ၍ ကောင်းမြတ်ခြင်းတခုကိုမျှ လုပ်ခြင်းငှာ မတတ်နိုင်ပါ။ ကယ်တင်ခြင်းသည် လုံးလုံးလျားလျား သခင်ဘုရားအပေါ်၌သာ တည်ပါသည်။ သူသည် မိမိလူများကို ထာဝရဘုန်းအသရေခံစားရရန် အစိုးရတော်မူစွာ ခန့်ထားပါသည်၊ အခြားသူများကိုမူ အစိုးရတော်မူစွာ ငြင်းပယ်တော်မူသည်။ သခင်ခရစ်တော်သည် ရွေးကောက်ခြင်းခံရသူတို့အတွက်သာ အသေခံသည်။ ကယ်တင်ခြင်းခံရသော ကျွန်တော်တို့သည် မိမိတို့အလိုဆန္ဒကြောင့် ကယ်တင်ခြင်းခံရကြသည်မဟုတ်၊ လွတ်လပ်သော၊ အစိုးရတော်မူသော ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခံရခြင်းဖြစ်သည်။––––၎င်းတို့သည် အခြေခံအမှန်တရား များ ဖြစ်ကြပါသည်။ ရီဖေါ့(မ်)ယုံကြည်ချက်ရှိသမျှကို မငြင်းပယ်ဘဲ၊ ထိုဥပဒေသများမှနေ၍

လူတယောက်သည် ဖယ်ခွာ၍ မရနိုင်ပါ။ ဆိုလိုသည်မှာ ထိုဥပဒေသများကို ငြင်းပယ်လျှင် အခြားရီဖေါ့(မ်)အမှန်တရားအားလုံးကိုလဲ ငြင်းပယ်ပြီး ဖြစ်သွားသည်ဟုဆိုလိုခြင်းဖြစ်သည်။

ထို့အတူပင် ကျွန်တော်တို့ဘဝများအတွက် ဥပဒေသများ၊ အမှန်တရားများ၊ အခြေခံများ၊ ထာဝရအမှန်တရားများသည် ရှိနေကြပါသည်။ ဘုရားသခင်က ခန့်ထားသောဥပဒေသများဖြစ်ကြပါသည်။ ၎င်းဥပဒေသများသည် ကျွန်တော်တို့၏ပုဂ္ဂလိကအသက်တာအတွက်၊ လူမှုဘဝအတွက်၊ အိမ်တွင်၊ ရပ်ရွာထဲတွင်၊ အသင်းတော်တွင်၊ နိုင်ငံထဲတွင် အသက်ရှင်လှုပ်ရှားမှုအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေသများဖြစ်ပါသည်။ ကျွန်တော်တို့ ၏ ဝိညာဉ်နှင့်ခန္ဓာအတွက်၊ တွေးခေါ်ခြင်းနှင့်အလိုဆန္ဒအတွက် ဖြစ်ပါသည်။ လင်နှင့်မယားကြား၊ မိဘနှင့်သား သမီးကြား၊ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံကြား၊ အလုပ်ရှင်နှင့်အလုပ်သမားကြား၊ အမှုတော်ဆောင်များနှင့်အသင်း သူ/သားများကြား၊ လူတယောက်နှင့်သူ့ပတ်ဝန်းကျင်ကမ္ဘာကြီးကြား၊ မိမိပိုင်သောပစ္စည်းဥစ္စာများနှင့်မိမိကြား၊ ကမ္ဘာကြီးထဲရှိနေသည့် မိမိနေရာနှင့်မိမိနာမကြား ဆက်ဆံရေးအတွက် အခြေခံဥပဒေသများသည် မရှိမဖြစ်ရှိနေ ကြပါသည်။ ထိုဥပဒေသများကို ဖေါက်ဖျက်လျှင် ပြစ်ဒဏ်ခံရခြင်းမရှိဘဲ မလွတ်နိုင်ပါ။ မိမိ၏ကိုယ်ပိုင်အလိုဆန္ဒ သည် မည်မျှသဘောကျစရာဖြစ်ပါစေ၊ ဆိုးညစ်စွာနှင့် မိမိအတွက် အကောင်းဆုံးဟုတွေးသည်ဖြစ်ပါစေ၊ ထိုအ ခြေခံဥပဒေသများသည် သူ့အတွက် ဘယ်လိုမှအလုပ်မဖြစ်နိုင်ပါဟု ခိုင်မာစွာ ထင်မြင်ယူဆနေသည်ဖြစ်ပါစေ၊ သူ၏ကိုယ်ပိုင်ဥပဒေသသာလျှင် သူ့အတွက် တကယ်တိုးတက်နိုင်မည်ဟု တွေးထင်နေသည်ဖြစ်ပါစေ၊ အထက်က ဖေါ်ပြခဲ့သည့် မရှိမဖြစ်အခြေခံဥပဒေသများမှ တယောက်သောသူသည် သွေဖီခဲ့လျှင် အသေအချာ ဒုက္ခရောက်ပျက်ဆီးတော့မည်ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်ခန္ဓာနှင့်ဝိညာဉ်ပျက်ဆီးခြင်း၊ အိမ်ထောင်စုနှင့်လူမှုဘဝပျက်ဆီးခြင်း၊ အသင်းတော်နှင့်နိုင်ငံပျက်ဆီးခြင်း၊ နောက်ဆုံး တကမ္ဘာလုံး ပျက်ဆီးခြင်းသို့ရောက်မည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ထိုသို့ဆိုလျှင် ဥပဒေသဖြင့်အသက်ရှင်သူ(a man of principle)ဆိုသည်မှာအဘယ်သို့သောသူဖြစ်ပါသနည်း?

သူသည် ဥပဒေသနှင့်လက်တွေ့အသက်ရှင်မှုကို မခွဲခြားသူဖြစ်သည်မှာအသေအချာပင်။ လူတယောက်သည် ဘဝအသက်ရှင်မှုနှင့်လက်တွေ့ကျင့်ကြံမှုတို့ကို ထိန်းချုပ်နေသော အမှန်တရားဥပဒေသများနှင့် အခြေခံကျသောအမှန်တရားများအကြောင်းကို ကျွမ်းကျင်ပိုင်နိုင်စွာသိသူ ဖြစ်နိုင်ပါသည်။ ထိုဥပဒေသများအကြောင်းကို အလွန်ပြောသောသူ၊ ၎င်းတို့မှန်ကြောင်း ခုခံကာကွယ်နိုင်သူ ဖြစ်ကောင်းဖြစ်ပါမည်။ သို့သော် သူ့အသက်ရှင်ပုံက သူ့ကိုဆန့်ကျင်နေပါသည်။ တကယ်အသက်ရှင်သောအခါ သူသည်သူသိသောအမှန်တရားများကို၊ သူဝန်ခံသောအမှန်တရားများကို သွေဖီကာအသက်ရှင်ပါသည်။ ထိုသို့သောသူသည် ပညာအစိကသမား(အလာကားလူ)ဖြစ်သည်။ သီအိုရီသမားသက်သက်သာဖြစ်ပါသည်။ ဦးနှောက်အပြည့်ဥပဒေသများရှိနေသော်လည်း၊ အသက်ရှင်သောအခါ ထိုဥပဒေသများကို လက်ချောင်းနှင့်မျှ မတို့သူဖြစ်ပါသည်။ ထိုသို့သောသူသည် ဥပဒေသဖြင့်အသက်ရှင်သူ(a man of principle)မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူ့အတွက် ဥပဒေသများသည် ဘဝအသက်ရှင်မှုပုံစံတခုကို ဖြစ်လာစေသော တွန်းအားတရပ် မဟုတ်သောကြောင့်ဖြစ်သည်။

ထို့အပြင် လူတယောက်သည် မရပ်မနားလှုပ်ရှားပြုမူနေလျှက်၊ မိမိ၏ဆောင်ရွက်မှု၊ လုပ်ကိုင်မှုသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီသောလမ်းကြောင်းသို့ သွားနေပါသလား? ဘုရားသခင်၏ ထာဝရအမှန်တရားများနှင့် ဟန်ချက်ညီစွာဖြစ်နေပါသလားဆိုသည်ကို ဘယ်တော့မှ မစဉ်းစားသောသူသည် ဥပဒေသဖြင့်အသက်ရှင်သူ(a man of principle) မဟုတ်နိုင်ပါ။ သူသည် လက်တွေ့ဝါဒီမျှသာဖြစ်သည်၊ အကျိုးရလဒ်ကိုသာအဓိကထားသူဖြစ်သည်။ မိမိလိုချင်သည်ကိုရရန် ဘာမဆိုကိုလုပ်ဖို့ ဝန်မလေးသူမျှသာဖြစ်သည်။ အကျိုးအမြတ်ရှိလို့လား? အလုပ်ဖြစ်လို့လား?ဆိုသည်တို့ကိုသာ မေးတတ်သူဖြစ်သည်။ သူသည် အခြေအနေအလိုက် လုပ်ပုံကိုင်ပုံကို ပြောင်းနေတတ်သူဖြစ်သည်။ မှန်သလားမမှန်သားဆိုသည့် ဥပဒေသကို ဂရုမစိုက်သူဖြစ်သည်။ သူသည် တိုက်သမျှသောသြဝါဒလေတို့နောက်သို့ ယိမ်းယိုင်ပြောင်းလဲနေသူဖြစ်သည်။ ရပ်တည်ချက်မရှိသူဖြစ်သည်။ သူ

သည် "ဓိုက်ပြဿနာ"မေးခွန်းကိုသာအဓိကထားသူဖြစ်သည်။ မိမိအသက်ကို နည်းလမ်းမျိုးစုံဖြင့် ကယ်ရန်ကိုသာ ကြိုးစားနေသူဖြစ်သည်။ သို့သော် အမှန်ပင်ဆုံးရှုံးမည်သာဖြစ်သည်။

သို့သော် ဥပဒေသဖြင့်အသက်ရှင်သူ(a man of principle)သည်၊ ပထမအနေနှင့်၊ အပြစ်နှင့်သေခြင်းဥပဒေသတို့အောက်မှနေ၍ မိမိ၏နှလုံးသားကို လွတ်လပ်စေပြီးသူဖြစ်သည်။ ထိုလွတ်လပ်ခြင်းကို ဝိညာဉ်တော်၏ အသက်ရှင်စေခြင်း ဥပဒေသမှ ရရှိခြင်းဖြစ်သည်။ ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်အားဖြင့် စာတန်နတ်ဆိုး၏ အုပ်စိုးမှုအောက်မှ လွတ်လပ်ပြီးသူဖြစ်သည်။ ဘုရားသခင်၏အလိုတော်ကို ဝန်ခံရန်အသင့်ပြင်သူဖြစ်သည်။ ပို၍တိကျစွာပြောရလျှင်၊ သူ၏နှလုံးသားပေါ်တွင် ဘုရားသခင်သည် မိမိ၏ကျေးဇူးတော်တန်ခိုးဖြင့် မိမိ ၏နှုတ်ကပတ်တော်နှင့်ပညတ်တော်များ၏ ထာဝရဥပဒေသများကို ရေးထွင်းထားပါသည်။ ထို့ကြောင့် ထိုဥပဒေ သများသည် သူ၏အထဲတွင် အရေးကြီးသောတွန်းအားတရပ်ဖြစ်နေပါသည်။ သူ၏အသက်ရှင်ပုံ၊ နေထိုင်ပုံတို့ကို ထိုဥပဒေသများက ပြဋ္ဌာန်းပါသည်။ ထို့အပြင် သူသည် ဘုရားသခင့်နှုတ်ကပတ်တော် ကျမ်းစာကို ရှင်းလင်းစွာ၊ ပြည့်စုံစွာ နားလည်သူဖြစ်သည်။ သူသည် အထက်မှလာသောဉာဏ်ပညာဖြင့် တွေးတောချင့်ချိန်စွာ လုပ်ကိုင်သူ ဖြစ်သည်။ ဘဝတွင်တွေ့ကြုံရသည့် ပြဿနာမျိုးစုံကို ထိုဘုရားသခင့်နှုတ်ကပတ်တော်ဥပဒေသများဖြင့် သေချာစွာ ဖြေရှင်းနိုင်သူ၊ အကောင်အထည်ပေါ်သူ ဖြစ်ပါသည်။ နောက်ဆုံးအနေနှင့် သူသည် ဘုရားသခင့်ထာဝရအမှန် တရားဥပဒေသများကို သေချာစွာသိသူဖြစ်သဖြင့်၊ နှလုံးသားထဲတွင် သယ်ဆောင်ထားသူဖြစ်သဖြင့်၊ ထိုဥပဒေသ များနှင့်ကိုက်ညီသောအသက်ရှင်မှုပုံစံတခုကို လက်တွေ့အသက်ရှင်သူဖြစ်သည်။ ထိုလမ်းကြောင်းမှနေ၍ သူ သည် ဘယ်တော့မှ ယိမ်းယိုင်မသွားပါ၊ မည်သည့်အခြေအနေကမှ သူကိုမလွှမ်းမိုးနိုင်ပါ။ ဤကမ္ဘာလောကကြီး၏ အခြေအနေများ၊ ကတိပေးခြင်းများ ခြိမ်းခြောက်ခြင်းများက သူ့ကို ပြောင်းမသွားစေနိုင်ပါ။ သူသည် သူ၏လမ်း ကြောင်းအပေါ်တွင်သာ တစိုက်မတ်မတ်သွားနေမည်ဖြစ်သည်၊ ဖြစ်လာနိုင်စရာရှိသော (သို့) ဖြစ်လာသော ရ လဒ်များကို သူသည် ဂရုစိုက်မနေပါ။

ထိုသို့သောသူသည် ကောင်းချီးခံရသူ(မင်္ဂလာရှိသူ)ဖြစ်ပါသည်။

သို့သော် ကမ္ဘာကြီးထဲတွင်တော့ ထိုသို့ထင်စရာမရှိပါ။

တခါတရံ ဥပဒေသများကို ဖယ်ခွာ၍ ကျွန်တော်တို့၏ ကိုယ်ပိုင်စိတ်ကူးများနောက်ကိုလိုက်ခြင်းသည် ပို၍အဆင်ပြေသယောင်ရှိနေပါသည်။

သခင်ခရစ်တော်၏အသင်းတော်ကိုပင် ထိုသို့ တခါတရံ ဥပဒေသများကိုချည်း ဂရုမစိုက်ရန် ပြောရမလို ဖြစ်နေပါသည်။ ကမ္ဘာကြီးထဲတွင် သူ၏အသင်းသူ/သားများ ဝင်ဆန့်စေမည့် ဥပဒေသများကိုသာ ကျင့်ကြံရန် ပြောရမလိုဖြစ်နေပါသည်။

သို့သော် ထိုသို့ဖြစ်မည့်ပုံစံမျိုးရှိနေသော်လည်း၊ ဥပဒေသများကို ဘယ်တော့မှ မစွန့်လွှတ်သောသူသာ လျှင် ကောင်းချီးခံရသူ(မင်္ဂလာရှိသူ)ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကောင်းချီးမင်္ဂလာသည် အရာဝတ္ထုများထဲတွင် မရှိပါ၊ ဘုရားသခင့်မျက်နှာသာ ပေးခြင်းတွင်သာ ရှိပါသည်။ ဘုရားသခင့်မျက်နှာသာပေးမှုသည်၊ သူ၏လမ်းကြောင်းထဲတွင် အသက်ရှင်ကြသော၊ သူ၏ဥပဒေသများကိုစောင့်ရှောက်ထိန်းသိမ်းကြသော သူလူများအပေါ်တွင် ရှိနေပါသည်။

ထို့အပြင် ကျွန်တော်တို့သည် ထာဝရဆုလဒ်ကိုသာမျှော်ကြည့်ကြပါသည်။ ထိုအရာများကို သာမန်မျက်လုံးများဖြင့် မတွေ့နိုင်ပါ။ ထိုအရာများကို ကျွန်တော်တို့ထံမှ မည်သူကမှ မယူနိုင်ပါ။

လက်ငင်းအကျိုးကိုသာကြည့်သူသည်၊ သူ၏အသက်ကို ကယ်မည်၊ သို့သော် ဆုံးရှုံးရမည်မှာ အသေအချာ ဖြစ်သည်။ သို့သော် မိမိအသက်ကို သခင်ခရစ်တော်အတွက် စွန့်လွှတ်သူသည်၊ အသေအချာပင် ကယ်နိုင်မည်ဖြစ်သည်။။။။။